# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၃/၂၀၁၇)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၅/၂၀၁၇) ကို ၂၀၁၇ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပ ပြုလုပ်ခဲ့ ပါသည်။

အဆိုပါအစည်းအဝေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း(၃၀) ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၆၀၂.၀၆၈) သန်း နှင့် ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် (၁၅,၀၉၅) ခုကို ဖန်တီးပေးနိုင် ခဲ့ပါသည်။ ခွင့်ပြုလုပ်ငန်း (၃၀)မှာ စက်မှုကဏ္ဍ လုပ်ငန်း (၂၁)ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ လုပ်ငန်း (၃)ခု၊ အခြားဝန်ဆောင်မှုကဏ္ဍ (၄) ခု၊ လျှပ်စစ်ဓါတ်အား ကဏ္ဍ လုပ်ငန်း (၁)ခု၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ (၁)ခု တို့ကို ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် မတ်လ ပထမပတ်အထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၃၅) ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၅,၀၅၁.၂၀၆) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏအမေရိကန်ဒေါ်လာ (၆,၆၁၁.၈၃၇)သန်း ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အတွင်း အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူး စီးပွားရေးဇုန်တွင် ရင်းနှီမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂၆၂.၅၈၈)သန်း ခွင့်ပြုခဲ့ခြင်း ဖြစ်ပါသဖြင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၆,၈၇၄.၄၂၅)သန်း စီးဝင်ခဲ့ခြင်း ဖြစ်ပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၇)ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၆.၃၈၆) သန်း အပါအဝင် ကျပ်(၈၉,၂၃၉.၆၃၉)သန်း၊ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် (၉၀၅)ခုကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ခွင့်ပြုလုပ်ငန်း (၇)မှာ စက်မှုကဏ္ဍ လုပ်ငန်း(၂)ခု၊ သယ်ယူပို့ဆောင်ရေးကဏ္ဍလုပ်ငန်း (၂)ခု၊ သတ္တုကဏ္ဍလုပ်ငန်း(၁)ခု နှင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍလုပ်ငန်း (၂) ခုတို့ ဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြု ပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် မတ်လ ပထမပတ်အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၄၉)ခု၊ အမေရိကန်ဒေါ်လာ(၇၆၄.၅၆၀)သန်း အပါအဝင် ကျပ်(၁,၄၅၅,၃၃၉.၆၈၂)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ ကျပ် (၁,၅၇၂,၈၈၂.၁၀၃)သန်း ရင်းနှီးမြှုပ်နှံခဲ့ခြင်း ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ခွင့်ပြုပေးရာတွင် လုပ်ငန်း၏ စီးပွားရေး တွက်ခြေ ကိုက်မှု၊ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မှု၊ အမျိုးသားဝင်ငွေနှင့် အခွန်တိုးတက် ရရှိနိုင်မှု၊ ပြည်တွင်းပြည်ပ ဈေးကွက် အခြေအနေ၊ ပြည်တွင်းစားသုံးရန် လိုအပ်ချက်၊ နည်းပညာဆီလျော်မှု၊ တီထွင်ဆန်းသစ်မှု၊ နည်းပညာလွှဲပြောင်းရရှိမှု၊ ပတ်ဝန်းကျင် ထိခိုက်မှု နှင့် လူမှုရေးထိခိုက်မှု ထိန်းသိမ်း ကာကွယ်ရေး ဆောင်ရွက်မှု အစီအမံများ၊ တာဝန်ယူမှု ရှိသော ရင်းနှီးမြှုပ်နှံမှုဖြစ်ခြင်းနှင့် တည်ဆဲ ဥပဒေများကို လိုက်နာခြင်း စသည့်အချက်များ ကို အခြေခံ၍ စိစစ်ခြင်းဖြစ်ပါသည်။

Email: dica@mptmail.net.mm

Website:      ww.dica.gov.mm